# ASEAN Gynaecological and Endoscopy for Basic Laparoscopy Conference and Workshop Collaboration Between Central Women's Hospital, Yangon and Rajavithi's Hospital, Thailand

(23.1.2019 and 24.1.2019)

**Objectives**

1) Aim to have a proper laparoscopy unit in CWH
2) To get opportunity to become a laparoscopic gynaecologist for the team members
3) To be able to perform basic laparoscopic procedures among the team members

**(I) Course supervisors**

1. Prof. Dr. San San Myint (Professor& Head, Obstetric & Gynaecology Department, University of Medicine I, Yangon.)
2. Dr. Wisit Supakarapongkul (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)
3. Dr. Aranya Yantapant (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)
4. Dr. Ratchadaporn (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)

**(II) Trainers**

1. Dr. Wisit (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)
2. Dr. Aranya Yantapant (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)
3. Dr. Ratchaporn (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)
4. Ms. Srinual Ongprasert
5. Mr. Pisanu
6. Dr. Saengsup (Gynae-onco staff of Ob-Gyn Division of Rajavithi hospital)

**(III) Participant lists**

| | | | |
|---|---|---|---|
| 1. Dr. Sanda Saw<br>2. Dr. Kyaung Kyaw San<br>3. Dr. Wun Thu<br>4. Dr. B Khaung Dim<br>5. Dr. Su Lei Wint<br>6. Dr. Nway Zarli Mya Zan<br>7. Dr. Nan Pan Pa Pa Htay | 8. Dr. Thet Thet Swe<br>9. Dr. Mi Moe Moe<br>10.Dr. Zaw Nyi Nyi Lwin<br>11. Dr. Khine Zin Than<br>12. Dr. Tin Nilar Khine<br>13. Dr. Thet Su Lin<br>14. Dr. Nwe Nwe Yu<br>15. Dr. Nwe Ni W | 15. Dr. Nwe Ni Win<br>16. Dr. Htar Nanda<br>17. Dr. Nay Chi Ohn<br>18. Dr. Ei Zar Phyu<br>19. Dr. Nilar Htoo<br>20. Dr. Nan Lei Thiri Kyaw<br>21. Dr. Thet Myat Shwe | 22. Dr. Wai Yan Naing<br>23. Dr. Phyo Thiri Than<br>24. Dr. Tharaphae Win Mg<br>25. Dr. Aye Mon Yee |

(IV) **Observers**

1. All Post-graduate students, assistant surgeons & nurses in CWH(Ygn)

(V) **ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ**

**အစီအစဉ်အကျဉ်းချုပ်**

ထိုင်းနိုင်ငံ Rajivithi Hospital မှ Dr. Wisit, Dr. Aranya ဦးဆောင်၍ အဖွဲ့ဝင်(၉)ဦးပါဝင်သော Basic Laproscopic conference & workshop Team သည် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် (၂၃.၁.၂၀၁၉ မှ ၂၄.၁.၂၀၁၉) ရက်နေ့အထိ Basic Laparoscopic Conference & Workshop ကို လာရောက်ပြုလုပ်ပေး ခဲ့ပါသည်။ ယင်း Workshop ကို (၂၃.၁.၂၀၁၉)ရက်နေ့ နံနက် (၈း၃၀)နာရီတွင်ဖွင့်လှစ်ပေးခဲ့ပြီး Workshop တွင် ပါဝင်သည့် Trainers များ participants များ နှင့် သားဖွား မီးယပ်အထူးကုဆရာဝန်ကြီး များ၊ မေ့ဆေးအထူးကု ဆရာဝန်ကြီးများ ၊ သူနာပြုဆရာမများ တက်ရောက်ခဲ့ကြ ပါသည်။ (၂၄.၁.၁၉)ရက်နေ့၊ နေ့လည် (၃း၃၀)နာရီတွင် ပိတ်ပွဲ အခမ်းအနားကိုကျင်းပပြီး သင်တန်းပေးကြသော Trainers များအား ဂုဏ်ပြုလက်ဆောင် များပေးအပ်ခြင်း၊ မှတ်တမ်း တင်ဓာတ်ပုံရိုက်ကူးခြင်းများပြု လုပ်ပြီး အောင်မြင်စွာပြီးမြောက်ခဲ့ပါ သည်။

**အသေးစိတ်အစီအစဉ်**

၁။ ရှေးဦးစွာ (၂၃.၁.၂၀၁၉) ရက်နေ့နံနက်(၈း၃၀)နာရီမှ စ၍ Endoscopic Strategies in YCWH နှင့် သက်ဆိုင်သည့် Lecture talk များကို ပါမောက္ခ/ဌာနမှူးေဒါက်တာစမ်းစမ်းမြင့် မှ ဦးစွာသင်ကြားပို့ချခဲ့ပါသည်။ နံနက် (၉း၄၀)နာရီ မှစ၍ Dr. Wisit မှ Endoscopic Surgery in ASEAN အကြောင်းအား ဆွေးနွေးခဲ့ပါသည်။ နံနက်(၁၀း၂၀) မှ (၁၀း၄၀) အထိ Dr. Aranya မှ Management in Advanced Endometriosis and Die အကြောင်းအား သင်ကြားပို့ချခဲ့ပါသည်။ နံနက်(၁၀း၄၀) မှ (၁၁း၀၀)နာရီအထိ Laparoscopic Surgery in Ovarian cyst, Fertility preservation အကြောင်းအား သင်ကြားပို့ချခဲ့ပါသည်။ ဒေါက်တာဥမ္မာဝင်းမှလည်း Role of myomectomy: Laparotomy of Laparoscopy အကြောင်းကို နံနက်(၁၀း၄၀) မှ (၁၁း၀၀)နာရီအထိ ဆွေးနွေးခဲ့ပါသည်။ ပြီးနောက် Hands on Workshop (Box Training) ကို နေ့လည်(၁း၀၀)နာရီမှ ညနေ(၄း၀၀) နာရီတိုင်အောင် Dr. Aranya , Dr. Amornat, Dr. Wai Wai Myint, Dr. Win Thida Hlaing တို့မှ သင်တန်း သား (၂၀)ဦးအား အုပ်စု(၂)စုခွဲ၍ လေ့ကျင့်သင်ကြားပေးခဲ့ကြပါသည်။

၂။ (၂၄.၁.၂၀၁၉) ရက်နေ့ နံနက်(၉း၃၀)နာရီမှ (၁၁း၀၀) နာရီအထိ Oral presentation and video presentation များကို Dr. Wai Wai Myint, Dr. Win Thida Hlaing, Dr. Ohnmar Win, Dr. Nukun, Dr. Supareuk တို့မှ presentation ပြုလုပ်ခဲ့ကြပါသည်။ နေ့လည်(၃း၀၀)နာရီမှစ၍ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး အမှတ်တရလက်ဆောင်များပေးအပ်ခြင်းနှင့် အမှတ်တရဓာတ်ပုံများရိုက်ကူး၍ ASEAN Gynaecological and Endoscopy for Basic Laparoscopy Conference and Workshop (Boxes Training) ကို နေ့လည်(၃း၃၀)နာရီတွင် အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

## (VI) ရရှိသောအကျိုးကျေးဇူးများ

၁။ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)ရှိ သားဖွားမီးယပ်အထူးကုဆရာဝန်များ ၊ ဆရာမများအနေဖြင့်လည်း အတွေ့ အကြုံသစ် ၊ အသိိပညာသစ်များစွာ ရရှိပြီး Modernized နည်းပညာများကို လက်တွေ့သင်ကြား ခွင့်ရရှိ သည့်အတွက် Human Capacity တိုးမြှင့်စေနိုင်သဖြင့် အလွန် အကျိုး များလှပါသည်။

၂။ ခွဲစိတ်ခန်းများတွင် ဆောင်ရွက်နေသော သားဖွားမီးယပ်အထူးကုဆရာဝန်များအတွက်လည်း Model Box training ပြုလုပ် ရာတွင် ပါဝင်သင်ကြားဆောင်ရွက်ခွင့်ရရှိကြသည့်အတွက် နိုင်ငံတကာအတွေ့အကြုံသစ်များ ရရှိခြင်း နှင့် Skills များ ပိုမိုတိုး တက်လာ၍ လက်တွေ့ ကျွမ်းကျင်မှုများပိုမိုရှိခဲ့ပါသည်။

၃။ ၎င်းနိုင်ငံတကာအဖွဲ့အစည်းမှ ခွဲစိတ်ရာတွင်အသုံးပြုသော Medical Equipment များတွင် အချို့မှာ မိမိနိုင်ငံတွင်သုံးစွဲခြင်းမပြုနိုင်သေးသော ခေတ်မှီပစ္စည်းကိရိယာများဖြစ်၍ ၎င်းတို့ကိုသုံးစွဲခြင်းဖြင့် အတွေ့အကြုံ အသစ်များ ရရှိစေပါသည်။

၄။ နိုင်ငံတကာတွင် လွန်ခဲ့သည့် နှစ်များစွာက စတင်အသုံးပြုခဲ့သည့် Minimal Invasive Surgery (Laproscopic Surgery) အား မိမိတို့နိုင်ငံ၌ တွင်ကျယ်စွာ အသုံးပြုနိုင်ခြင်း ဖြင့် လူနာများအတွက် များစွာ အကျိုးရှိနိုင်မည်ဖြစ်ပါသည်။

## (VII) ဆက်လက်ဆောင်ရွက်လိုသည့် အချက်များ။

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သည် ထိုင်းနိုင်ငံ Rajivithi Hospital မှ Laproscopic team နှင့်ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် Hands on training များပြုလုပ်နိုင်ခြင်း၊ Exchange Program အဖြစ် သားဖွားမီးယပ်အထူးကုဆရာဝန်(၂)ဦးအား ၎င်းတို့ဆေးရုံတွင် လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ခြင်း၊ မေ့ဆေးဆရာဝန် (၁)ဦး၊ မေ့ဆေးသူနာပြု(၁)ဦး တို့အား ၎င်းတို့ဆေးရုံတွင် Laproscopic Anesthesia နှင့် ပတ်သက်၍ လက်တွေ့ သင်ကြားပေးခဲ့ခြင်း၊ Workshop များပြုလုပ်ပေးခြင်းနှင့် လက်ရှိသားဖွားမီးယပ်အထူးကုဆရာဝန်(၂)ဦးနှင့် သူနာပြု (၁) ဦး တို့ အား ၎င်းတို့ဆေးရုံတွင် လေ့ကျင့် လက်တွေ့သင်ကြားပေးပြီးဖြစ်ပါသည်။ ၎င်းတို့ နှင့် ဆက်လက်ပူး ပေါင်းဆောင်ရွက်ပါက Laproscopic Surgery အခန်းကဏ္ဍ ပိုမိုတိုးတက်အောင်မြင်မည်ဖြစ်ပါသည်။